သခင့်စကား ၁-၂၅

# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

> လေ နှင့် ပင်လယ် သည် သူ၏ စကားကို နားထောင် ပါသည်တကား။ မဿဲ ၈း၂၇ [ခ]

အမှတ်စဉ် ( ၂၅ )　စက်တင်ဘာလ　၂၀၀၃ ခုနှစ်　ဓမ္မဒါန ( လစဉ် ဝေငှ ထုတ်ဝေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )

## ကုလားထိုင်တစ်လုံးသာရွေးထိုင်ပါ



အီတာလျံလူမျိုး နာမည်ကြီးအဆိုတော် "လူစီယာနို ပါဗရော့တီ" ( **Luciano Pavarotti** - ၁၉၃၅ခုနှစ် ) ၏ ဖခင်သည် မုန့်ဖုတ်သမား တစ်ဦး ဖြစ်သည်။ သို့သော် ဂီတဘက်တွင် အလွန်စိတ်အား ထက်သန်သည်။ သူ့သားကို ဂီတဘက်တွင် အောင်မြင် ထူးချွန်လိုသော ဆန္ဒရှိသည်။ ထို့ကြောင့် ငယ်ရွယ်စဉ် မှာပင် တေးဂီတ အနုပညာနှင့် ရင်းနှီးအောင် လေ့ကျင့် ပျိုးထောင်ပေးခဲ့သည်။ ဖခင် ၏ ပံ့ပိုးလမ်းညွှန်မှု၊ မိမိကိုယ်တိုင် ထက်သန် တက်ကြွစွာ အားထုတ်မှုတို့ကြောင့် ပါဗရော့တီ သည် ကမ္ဘာသိ အဆိုတော် တစ်ဦးဖြစ်ခဲ့သည်။

အောင်မြင်သော သူ့ဘဝနှင့် စပ်ဆက်၍ ပါဗရော့တီ ၏ မိမိကိုယ်ကို သုံးသပ်မှုကို ကျွန်မ သဘောကျခဲ့ပါသည်။ သူက " အဖေက ကျွန်တော့်ကို အသံကောင်း လာအောင် တအား လေ့ကျင့်ခိုင်းတာ၊ အီတလီက 'မိုဒေနာ' မှာ 'ကာရီဂိုပိုလာ' ဆိုတဲ့ အဆိုသင် ဆရာဆီမှာ ပညာသင်ခိုင်းတယ်။ အဲဒီလို တေးဂီတ လိုက်စားနေရင်းနဲ့ ဆရာအတတ်သင် ကောလိပ်ကိုလဲ တဖက်ကတက်ရင်း ပညာဆည်းပူးခဲ့ပါတယ်။ ကျောင်းဆင်းတဲ့အခါ အဖေ့ကို 'အဖေ၊ ကျွန်တော် ကျောင်းဆရာ လုပ်ရမလား၊ အဆိုတော် လုပ်ရမလား' လို့ မေးခဲ့ပါတယ်။

အဲဒီတော့ အဖေက ' လူစီယာနို ပါဗရော့တီ၊ မင်း ကုလားထိုင်နှစ်လုံးကို တပြိုင်တည်း ထိုင်ဖို့ကြိုးစားရင် အဲဒီကုလားထိုင် နှစ်လုံးကြားထဲ လိမ့်ကျသွားလိမ့်မယ်။ မင်းဘဝအတွက် ကုလားထိုင် တစ်လုံးကိုဘဲ ရွေးရလိမ့်မယ်' လို့ အဖြေပြန်ပေးခဲ့ပါတယ်။ အဖေပြောတဲ့အတိုင်း ကျွန်တော် ကုလားထိုင် တစ်လုံးကိုဘဲ ရွေးလိုက်ပါတယ်၊ အဲဒီနောက်မှာ ပညာသည် အဆင့်နဲ့ စင်ပေါ် တက်ခွင့်ရဖို့ ၇နှစ်တိတိ လေ့လာသင်ကြားရတယ်။ စိတ်ညစ်စရာ စိတ်ဓါတ်ကျစရာတွေလဲ အများ ကြုံကြုံခဲ့ရတယ်။ အဲဒီကမှတဆင့် မက်ထရိုပိုလီတန် အော်ပရာဇာတ်ရုံကြီးမှာ ဖျော်ဖြေခွင့်ရတဲ့ အဆင့်ရောက်ဖို့ နောက်ထပ် ၇နှစ် ကြိုးစားရတယ်။ အခုတော့ ကျွန်တော်သဘောပေါက်ပြီ။

အုတ်စီတဲ့ အလုပ်ဘဲဖြစ်ဖြစ်၊ စာရေးတဲ့ အလုပ်ဘဲဖြစ်ဖြစ် ကျွန်တော်တို့ ဘဝအတွက် ဘယ်အလုပ်ကိုဘဲ လုပ်လုပ် ကိုယ်ရွေးတဲ့ အလုပ်ထဲမှာ ကိုယ့်ဘဝကို မြှုပ်နှံနိုင်မှ အဲဒီအလုပ်က အောင်မြင်မှာဖြစ်တယ်။ ဒါ အောင်မြင်မှုအတွက် အဓိက သော့ချက်ဘဲ။ အဲဒီတော့ ကြိုက်တဲ့ ကုလားထိုင် တစ်လုံးကို ခင်ျားရွေးပြီးတော့ ဟောဒီမှာ မြဲတ်မြဲတ်သားသားထိုင်ဗျ " ဟူ၍ မြတ်မြတ် သားသား ပြောပြထားပါသည်။

လူစီယာနို၏ " ကုလားထိုင် တစ်လုံးသာ ရွေးထိုင်ပါ " ဟူသော တိုက်တွန်းချက်ကို ဖတ်ရှုပြီးသောအခါတွင် ကျွန်မ၏ ခရစ်ယာန် အသက်တာ အသက်ရှင်မှုကို ပြန်လည်သုံးသပ်မိပါသည်။ ခရစ်ယာန် တစ်ယောက် ဖြစ်လာရန် ရေနှစ်ခြင်းမင်္ဂလာ ခံယူခဲ့သော်လည်း ကျွန်မသည် ( C နှင့် E ) ခရစ်ယာန် တစ်ယောက်သာဖြစ်ကြောင်း ဝန်ခံလိုပါသည်။ ( C နှင့် E ) ခရစ်ယာန်ဆိုသည်မှာ **C = Christmas** (ခရစ္စမတ်) နှင့်၊ **E = Easter** (အီစတာ) ပွဲတော် နှစ်ခုသာ ဘုရားကျောင်းသို့ ရောက် လာတတ်သော ခရစ်ယာန်ကို ဆိုလိုခြင်းဖြစ်ပါသည်။ အဆိုးရွားဆုံးမှာ အသက်ရှင်သော ဘုရားကို ကိုးစားပါလျက် " ယုံကြည်ခြင်း ကုလားထိုင် " ပေါ်တွင် အမြဲမထိုင်ဘဲ၊ " ယုံမှား သံသယ ကုလားထိုင် " ပေါ်သို့ အမြဲလိုလို ရောက်သွားတတ်သောကြောင့် ဖြစ်သည်။

**ခရစ်ယာန် ဖြစ်ပါက နာကျင်မှု မရှိသော နေ့ရက် ၊ ဝမ်းနည်းခြင်း ကင်းသော ဘဝ ၊ မိုး သည်းထန်ခြင်း မရှိ ၊ နေ သာသော နေ့ရက်များကိုသာ ဖန်ဆင်း ပေးမည်ဟု ကိုယ်တော်ရှင် ကတိတော် မရှိခဲ့ပါ။**

ထို့ကြောင့် ကျွန်မတို့ လူသားများသည် ပြဿနာတစ်ခုခုတစ်ရာဖြစ်ပါက အနီးကပ် မစနေသော ဘုရားရှင်ကို မေ့လျော့ကာ မိမိ အားအကိုးဆုံး လူတစ်ယောက်ယောက်ထံသို့သာ အရောက်ပြေးလေ့ရှိပါသည်။ ကျွန်မတို့သည် နေ့စဉ်နှင့်အမျှ အသက်ရှင် လှုပ်ရှားသွားလာသောအခါတွင် **Patience** စိတ်ရှည်ခြင်း၊ **Strength** ခွန်အား ၊ **Wisdom** ဉာဏ်ပညာ ၊ စသည်တို့ လိုအပ်သလို၊ အောင်မြင်မှု **Victory** ၊ ပျော်ရွှင်မှု **Joy** ၊ ချစ်ခြင်းမေတ္တာ **Love** ၊ ငြိမ်သက်ခြင်း **Peace** ၊ မြော်လင့်ခြင်း **Hope** တို့ လိုအပ်ပါသည်။ ဆုတောင်းခြင်းဖြင့် ကျွန်မတို့ အလိုရှိသောအရာတွေကို ရရှိလိမ့်မည်ဟု ပေါ့ပေါ့တန်တန် ပြောကြသော်လဲ ဆုတောင်းခြင်း၏ အဖြေသည် ယုံကြည် ခြင်းပေါ်တွင် မူတည်ပါသည်။ ကျွန်မတို့တွင် ယုံမှားသံသယ ရှိနေသမျှ ကာလ ပါတ်လုံး အောင်မြင်မှုကို ဆွတ်ခူးနိုင်မည် မဟုတ်ပါ။


ကျွန်မတို့ယုံကြည်သော ဘုရားရှင်သည် ... ဓမ္မသွေလ (ယောရှာယ ၇း၁၇) ၊ အသက်ကျောက်မြတ် (၁ပေ ၂း၄ ) ၊ အလင်းရှင် (ယော ၈း၁၂ ) ၊ လမ်းခရီး သမ္မာတရား အသက် ( ယော ၁၄း၆) ၊ ထမြောက်ခြင်းနှင့် အသက်ရှင်ခြင်း ( ယော ၁၁း၂၅ ) ၊ ကောင်းသောသိုးထိန်း ( ယော ၁၀း၁၁ ) ၊ အသက်မုန့် ( ယော ၆း၃၅၊ ၄၈၊ ၅၁) ၊ မင်္ဂလာရှိ၍ စွမ်းအားကြီးသော တစ်ပါးတည်းသောအရှင် ၊ ဘုရင်တကာတို့၏ ဘုရင်၊ အရှင်တကာတို့၏ အရှင် (၁တိ ၆း၁၅-၁၆ ) ၊ အာလဖနှင့် ဩမေဃ အနန္တတန်ခိုးရှင် (ဗျာ ၁း၈) ဖြစ်သည်ဟု သမ္မာကျမ်းစာက အတည့်အလင်း ဖော်ပြထားပါသည်။ ကျွန်မတို့၏ ဘဝ အသက်တာ အောင်မြင်မှု သရဖူနှင့် ထာဝရအသက် ကိုပိုင်ဆိုင်နိုင်ဖို့ သားတော်ကို လက်ခံယုံကြည်ပြီး၊ "ယုံကြည်ခြင်း ကုလားထိုင်" ပေါ် မြဲမြဲစွာ ထိုင်လျက် ဘဝ၏နေ့ရက်များကို ရင်ဆိုင်ဖို့ ကိုယ်တော်အလိုရှိပါသည်။ သင်၌ စစ်မှန်သော ယုံကြည်ခြင်း ရှိပါက ...

(က) မျှော်လင့်ချက်မဲ့ သော အခြေအနေတွင်လည်း ဘုရားရှင်ကို ဆက်လက်ကိုးစားနေလိမ့်မည်။
(ခ) သတင်းဆိုးကြောင့် စိုးရိမ်ပူပန်လှုပ်မည် မဟုတ်၊
(ဂ) ပူပန်ကြောင့်ကြစွာဖြင့် အောက်တည်ရာမရ ဖြစ်နေမည်မဟုတ်၊
(ဃ) အကယ်၍ ဘုရားရှင်ကို သင်ကိုးစားလျှင် နာခံလိုက်လျှောက်၍ ယုံကြည်ခြင်းကို လက်တွေ့အကောင်အထည် ဖော်လိမ့်မည်၊ သင့်အပြုအမူဖြင့် သင့် ယုံကြည်ခြင်းကို ပြသလိမ့်မည်။

စစ်မှန်သော "ယုံကြည်ခြင်း ကုလားထိုင်" ပေါ်မှ နေရာ မရွေ့ပါနှင့်။
ခရစ်တော်၏ မေတ္တာဖြင့် ... ( **နော်အောဗီထွန်း** )

ပန်ခံချက်။　။ **Reader's Digest** မဂ္ဂဇင်း ၊ **Personal Glimpses** ကဏ္ဍမှ ၊ **Choose one chair** အား ကိုးကားပါသည်။

သခင့်စကား ၂-၂၅



# ဘာ့ကြောင့်ယုံကြည်သနည်း

* နေ့တိုင်း အာရုဏ်တက်ချိန်တွင် နေ ထွက်လာမည်ဟု ယုံကြည်ပါသည်။
  အဘယ့်ကြောင့်ဆိုသော် ... ဤအရာကို ဘုရားရှင် ဖန်ဆင်းထား၍ ဖြစ်ပါသည်။
* နေ့စဉ် ယုံကြည်စွာဖြင့် ဆုတောင်းပါ၏။
  အဘယ့်ကြောင့်ဆိုသော် ... ဘုရားရှင်သည် အကျွန်ုပ် ဆုတောင်းခြင်းကို အစဉ်နားညောင်းသောကြောင့် ဖြစ်ပါသည်။
* နေ့စဉ် ယုံကြည်မှုဖြင့် လုပ်ငန်းများအား မညည်းမညူ ဆောင်ရွက်နိုင်ပါ၏။
  အဘယ့်ကြောင့်ဆိုသော် ... ဘုရားရှင် ခွန်အားပေးထား၍ ဖြစ်ပါသည်။
* ယုံကြည်စွာဖြင့် အခြားသူများအား ကူညီစောင့်ရှောက် နိုင်ပါသည်။
  အဘယ့်ကြောင့်ဆိုသော် ... ဘုရားရှင် လမ်းပြပေး၍ ဖြစ်ပါသည်။
* ယုံကြည်ခြင်းဖြင့် အကျွန်ုပ်၏ ချစ်ခြင်းမေတ္တာကို ဖော်ပြနိုင်ပါသည်။
  အဘယ့်ကြောင့်ဆိုသော် ... ဘုရားရှင် ကျွန်ုပ်ကို ရှေးဦးစွာ ထာဝရမေတ္တာနှင့် ချစ်သောကြောင့် ဖြစ်ပါသည်။
* ကျွန်ုပ် နှလုံးသားမှ ကြင်နာခြင်းကို ဖော်ပြနိုင်သည်ဟု ယုံကြည်ပါသည်။
  အဘယ့်ကြောင့်ဆိုသော် ... ဘုရားရှင်သည် ကိုယ်ချင်းစာ တရားနှင့် ချစ်ခြင်းမေတ္တာကို သင်ကြားပေးသောကြောင့် ဖြစ်ပါသည်။
* ကျွန်ုပ်တွင် ယုံကြည်ခြင်း စွမ်းအား အပြည့် ရှိပါသည်။
  အဘယ့်ကြောင့်ဆိုသော် ... ဘုရားရှင်၏ ယုံကြည်ခြင်းကို ကျွန်ုပ် ဖြင်တွေ့ရသောကြောင့် ဖြစ်ပါသည်။
* ယုံကြည်ခြင်း အပြည့်ဖြင့် ကျေးဇူးတင်နိုင်ပါသည်။
  အဘယ့်ကြောင့်ဆိုသော် ... ဘုရားရှင် ပေးတော်မူသော ကောင်းမြတ်ခြင်း အရာများ၊ များပြားလွန်း၍ ဖြစ်ပါသည်။
* ယုံကြည်ခြင်း များစွာဖြင့် ကျွန်ုပ်၏ အသက်တာကို ကျွန်ုပ် ချစ်မြတ်နိုးပါ၏။
  အဘယ့်ကြောင့်ဆိုသော် ... ဘုရားရှင် ကျွန်ုပ်ကို အသက်ပေး ချစ်သောကြောင့် ဖြစ်ပါသည်။
* ယုံကြည်စွာဖြင့် ဘုရားရှင်အား ရှာဖွေပါ၏။
  အဘယ့်ကြောင့်ဆိုသော် ... ဘုရားရှင် ကျွန်ုပ်ကို အလိုရှိပါ၏။
* ယုံကြည်စွာဖြင့် သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာပါ၏။
  အဘယ့်ကြောင့်ဆိုသော် ... သမ္မာကျမ်းစာသည် ဘုရားရှင်၏ နှုတ်တော်ထွက် စကားများဖြစ်သောကြောင့် ဖြစ်ပါသည်။
* ထာဝရ အသက်ကို ကျွန်ုပ် ရရှိမည်ဟု ယုံကြည်ပါ၏။
  အဘယ့်ကြောင့်ဆိုသော် ... ဘုရားရှင်သည် အသက်ရှင်သော ဘုရားဖြစ်သောကြောင့် ဖြစ်ပါသည်။
* အရာခပ်သိမ်းအား ကျွန်ုပ် ယုံကြည်ပါ၏။
  အဘယ့်ကြောင့်ဆိုသော် ... ထိုအရာများသည် ဘုရားရှင်၏ ကောင်းချီးမင်္ဂလာများ ဖြစ်သောကြောင့် ဖြစ်သည်။

မိတ်ဆွေ သင် ဘာကို ယုံကြည်နေပါသနည်း။

သင်တို့၏ ဘုရားသခင်ကို ယုံကြည်ကြလော့။ သို့ဖြစ်လျှင် တည်ကြည်ကြလိမ့်မည်၊၊ ရာဇဝင်ချုပ် ဒုတိယစောင် ၂၀း၂၀

မလေး ( ဂျူလိုင် )

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## ဘယ်အရာပိုခက်သလဲ



မိတ်ဆွေ... တစ်ချက်လောက် စဉ်းစားကြည့်လိုက်ပါ။ လူနှစ်ယောက် ရန်ဖြစ်ဖို့ အင်မတန်မှ လွယ်ကူတယ်နော်။ ဘာမဟုတ်တဲ့ စကား တစ်ခွန်းကြောင့်ဘဲ ဖြစ်ဖြစ်၊ အချိုးမပြေတဲ့ ကိုယ်အမူအယာ တစ်ခုကြောင့်ဘဲ ဖြစ်ဖြစ်၊ တစ်ဘက်သားမှာ ထိခိုက်နစ်နာစရာတွေ ဖြစ်ပြီးတော့ သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေကနေ မခေါ်မပြောနိုင်ကြတော့တဲ့ ရန်သူတွေ ဖြစ်သွားတတ်ကြတယ်။ ဟုတ်တယ်နော်။

ဒါကို လက်ခံရင် နောက်တစ်ချက် ဆက်စဉ်းစားကြည့်ရအောင် ... ဒီအချက်က၊ မိတ်ဆွေ အတွက်တော့ မသိဘူး။ ကျွန်တော့်အတွက်တော့ အတော်လေး ခက်ခဲပြီး၊ အကျပ်ရိုက် သွားဘူးတယ်။ အဲဒါကတော့၊ စိတ်ဆိုးပြီးတော့ ပြန်လည် သင့်မြတ်ဖို့ လုပ်ရတဲ့ အခြေအနေပါဘဲ။ ကျွန်တော် သူငယ်ချင်းနဲ့ ရန်ဖြစ်ပြီး မခေါ်မပြောနိုင်သေးတဲ့ အချိန်မှာ တခြားသူငယ်ချင်းကောင်းတွေက ပြန်လည် သင့်မြတ်ဖို့ အတွက် အမျိုးမျိုးတိုက်တွန်း လုပ်ဆောင်ပေးကြတယ်။

ကျေးဇူးတင်ထိုက်တဲ့ သူငယ်ချင်းများပါဘဲ။ ကျွန်တော်လည်း ပြန်ခေါ်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ဘယ်လို စရမှန်း မသိဘူး၊ ဘုရားသခင်ဆီမှာ ဆုတောင်းအားယူပြီးတော့ တောင်းပန်လိုက်တယ်။ ချွေးတောင်ပြန်တယ်ဗျာ။ ဒီအချက်လေးအတွက်နဲ့ စိတ်ပင်ပန်းလိုက်တာ မပြောပါနဲ့တော့ဗျာ။ တကယ်၊ တကယ်။ ခု ပြန်တွေးတာတောင် ချွေးပြန် ချင်တယ်။

ဘာ ... နောက်တစ်ခေါက် ဟုတ်လား။ တော်ပါတော့ဗျာ။ ဒီအခြေအနေကို ကြောက်လွန်းလို့ နောက်ဆိုရင် သူတပါးစိတ်ဆိုးမဲ့ အပြုအမူ၊ အပြောအဆိုတွေကို မလုပ်မိဖို့ ဘုရားသခင်ဆီမှာ ဆုတောင်းအပ်နှံထားတာဗျ။

( ကုက္ကို )

"သခင့်စကား" ဝေါင်းချုပ်(၁) ထွက်နေပါပြီ ။ အသင်းတော်၏ စာတုပ်ဆိုင် တွင် ရရှိနိုင်ပါသည်။

# စိတ်ပါတ်မင်ရည်



အပြန်အလှန် ခုတ်ထစ်နေတဲ့ မြက်ရိုင်း နှစ်ပင်
ပါးစပ် ကလည်း ပွစိ ပွစိ နဲ့၊
လေ ကတော့ မြည်း ဟီသံနဲ့ ရိုင်းနင်လာ
သဘောကျသလို ၊ ဖြေရှင်းသလို
အပီအပြင် သရုပ်ဆောင်နေတဲ့ ဓာတ်ကောင်က
နာကျင်မှုကို အရင်းအနှီး စာရင်းထည့်
( ပြီးတော့ ) မနက်ဖြန် ဆိုတာ ရှိသေးတယ်လေ တဲ့ ။

အားလုံးက လက်ဗွေ ကိုယ်စီ
ကိုယ့်လက်ရာကို ဘာလို့ငြင်းရမှာလဲ
လိမ်တယ် ဆိုတာ ဘုရားမှ မကြိုက်
ခြောက်ခြားစရာတွေပါဘဲ
'အရက်' ဆိုတာ **Sir Wilfred lawson** က ၊
အရည် ဘဝ၌ တည်တဲ့ မကောင်းဆိုးဝါးတဲ့
စဉ်းစားကြည့်လေ
တကယ့် သွေးနွေးသတ္တဝါကြီး အကြောင်း ။

သုည နဲ့ ညီမျှခြင်း ညီနေတဲ့ ကမ္ဘာကြီး
အယ်နီယို ညီအစ်ကိုတွေက ဖြတ်လျှောက်
**SARS** ကဝင်ပြီး စကားများ
ဒီကြားထဲ စိတ်ပါတ်မင်ရည် က ပြတ်တောက် ပြတ်တောက်
**Practical** ခန်းထဲ မဝင်နိုင်တော့တဲ့
**Theory** တွေက ဆွေးမြေ့လုလို့
မြစ်ဆုံးထိ လက်မှတ်ဝယ်ထားတဲ့ ဗေဒါပင်
ဝဲဂယက်မှာ ကျန်နေပြီပကော ။

မျက်တောင် တခုံးမှာ
**Constant** များများနဲ့ အဖြေထုတ်တဲ့ခါ
မတူညီမှုတွေ ပျံ့ကျလာလိမ့်မယ် ။
တကယ်တော့ ...
စာငှက် ကိုတောင် ပစ်ပယ် မထားတဲ့ ခရစ်တော်
အားလုံးအတွက် အစီအစဉ် တစ်ခုရှိတယ် ။

**[ မှူးဒါး ]**

# သို့ မေမေ

အမေ ...
ဘဝ တတွေ့ကို ၊ တရွေ့ရွေ့ ရွေ့ရင်း
မလည်မဝယ် ၊ တလည်လည်နဲ့
အကြွေး တွေတက် ၊ အတိုး ကိုဖက်ရင်း
ကျွန်တော် – စင်ကာပူကို ရောက်ခဲ့ပြီ အမေ ။

အမေ ...
ကျွန်တော်တို့ ( **General Worker** ) မှာ
ပညာ တတ်တဲ့ သူတွေ ၊ သချ်ာ ကျတဲ့ သူတွေ
ပညာမဲ့တဲ့ သူတွေ ၊ ရင်နာခဲ့တဲ့ သူတွေ
အကြွေး များတဲ့ သူတွေ ၊ မလေးစားတဲ့ သူတွေ
အနေ ပေးသွားတဲ့ သူတွေ ၊ မေလေး ထားခဲ့သူတွေ
မာန ထားတဲ့ သူတွေ ၊ ဝလ ထွားတဲ့ သူတွေ
ကား စီးနိုင်တဲ့ သူတွေ ၊ အားကြီး ပိုင်တဲ့ သူတွေ
မတားဆီး နိုင်တဲ့ သူတွေ ၊ မှားပြီး ငိုင်နေတဲ့ သူတွေ
ဒီမှာတော့ (စင်ကာပူ)
လူချင်း တန်ဖိုးချင်း တူသွားတာဘဲ အမေ ။

အမေ ...
ဒီကို ရောက်ပြီးမှ ...
ရှုးပြီး မြောက်သွားတဲ့ သူတွေ
မူးပြီး မှောက်သွားတဲ့ သူတွေ
ထူးပြီး တောက်နေတဲ့ သူတွေ
မြူးပြီး ကြောက်နေတဲ့ သူတွေလဲ ရှိတာပေါ့ အမေ ။

အမေ ...
ဖြစ်ပုံတွေများ
နိုင်းသမျှ ရှန်းကန် ၊ ရိုင်းသမျှ ငုံ့ခံ
ကိုယ့်ကိုယ်ကို မပိုင် ၊ ဆိုင်သာ ဆိုင်တာမို့
( **Judson Baptist Church) J.B.C** ရေ – ဘိုင့်ဘိုင် ...
ဒီတပါတ်လဲ ဒိုဗာတိုင်( **Over time** ) တဲ့ အမေ ။

**( SAW A. THAW )**

# အရောင်ပြောင်းခြင်း

သူ့ အတိုင်း ရှိတဲ့ ‘ဧဒံ’
ဘုရားရှင်ကို ယုံတဲ့ ‘မောရှေ’ လက်ထက်မှာ
သနားကမားနဲ့ နှစ်ခြမ်း ကွဲသွားတယ် ။


သူ့ အတိုင်း နေတဲ့ ‘ခြင်္သေ့’
ယုံကြည်ခြင်း ပြည့်တဲ့ ‘ဒံယေလ’ နဲ့ တွေ့မှ
သိက္ခာ အကျခံ နှုတ်ပိတ် နေရတယ် ။

သူ့ အတိုင်း နေတဲ့ ‘ဒါဝိဒ်’
ယုံကြည်ခြင်း မှာ ထိပ် ၊ ‘ဂေါလျတ်’ နဲ့ တွေ့မှ
အစွမ်းအစ တွေ ၊ အသိအမှတ် ပြုခံရတယ် ။

သူ့ အတိုင်း နေတဲ့ ‘ယောဘ’
‘စာတန်’ သွေးစမ်းမှ ယုံကြည်ခြင်း အစွမ်းအစနဲ့
နှစ်ဆ ကောင်းချီး ယူလိုက်ရတယ် ။

သူ့ အတိုင်း နေတဲ့ ‘ငါ’ လည်းလေ ၊
‘ယေရှု’ နဲ့ တွေ့မှ
အဟောင်း တွေ အသစ် ဖြစ် ၊
အပြစ် တွေ ခဝါ ချ ၊
ယုံကြည်ခြင်း စိတ်ချလို့ ၊
‘ဘုရားသား’ လို့ အခေါ်ခံ ရတော့တယ် ။

**[ မင်းထွန်းသက်လွင် ]**



သခင်အကာ ၄.၂၅

# မေတ္တာတော်ကိုဝန်ခံလျှက်အဆုံးတိုင်ပြေးသူ



ဘုရားကျောင်းနဲ့ ၆ ပါတ်တာ ဝေးခဲ့တဲ့ ကျွန်မကို ဘုရားရှင်က သွန်သင် ခဲ့ပါတယ်။ ဘုရားကျောင်းကို အရောက် ပြန်ပို့ပေးခဲ့ပါတယ်။ သူငယ်ချင်းတွေနဲ့ မတွေ့ဖို့ ကြိုးစားခဲ့တဲ့ ကျွန်မကို စာတန်က အခွင့်အရေးယူပြီး ဘုရားမျက်မှောက်တော်ရှေ့က ထွက်ပြေးဖို့ အတွေးဆိုးတွေ ထည့်ပေးခဲ့ပါတယ်။ ဘုရားရှင်ရဲ့ မေတ္တာဟာ ကြီးမားလွန်းလှတဲ့ အတွက် ကျွန်မ လမ်းကြောင်းပြောင်းပြီး ဘုရားကျောင်းကို ပြန်ရောက်လာခဲ့ပါတယ်။

" ငါသည် လမ်းခရီး ဖြစ်၏၊ သမ္မာတရားလည်း ဖြစ်၏၊ အသက်လည်း ဖြစ်၏ " ဆိုတဲ့ အတိုင်း ကျွန် ကို အသက်ပေးခဲ့သလို သူ့ရဲ့ တရားတော်နဲ့ သူ့ရဲ့ လမ်းကို လျှောက်စေခဲ့ပါတယ်။

အဲဒီလို ဖြင့်ပ လောကနဲ့ အဆက်အသွယ် ပြတ်နေတာ ၁ လ ကျော် လာတာနဲ့ အမျှ အလုပ်နဲ့ အိမ်က လွဲလို့ ဘယ်မှမသွားဘဲ နေတတ် လာပါတယ်။ ငယ်ငယ်ကတည်းက အိမ်မြဲဖို့ အကျင့်လုပ်ပေးခဲ့တဲ့ အပါး ကို သတိရမိတယ်။ စည်းကမ်းတွေနဲ့ အကောင်းဆုံးဖြစ်အောင် ဆုံးမပေးခဲ့သလို ကြိုးစားခဲ့တဲ့ ကျွန်မဟာ တကိုယ်ကောင်း ဆန်တတ်ပြီး သူများအပေါ် မေတ္တာ မထားတတ် တာကို အမိုးက ထောက်ပြရတဲ့ အထိပါဘဲ။ ကြိုးစားလို့ အရာမထင်၊ အကောင်းမဖြစ်လာရင်လဲ ကိုယ့်ကိုယ်ကို မကျေနပ်သမျှ သူများကို ဝေဖန်တတ်တာလဲ ကျွန်မပါဘဲ။ အဖေ၊ အမေ ကိုလဲ အပြစ်တင်တက်လာတယ်။ မိဘ မေတ္တာကိုလဲ နားမလည်ခဲ့ပါဘူး ( သုတ္တံ ၁၃း၂၄ ) အပါး မရှိတဲ့နောက် အမိုးနဲ့ ကျွန်မတို့ကို ဘုရားရှင်က အစစ အရာရာ ဖြည့်ဆည်းပေးပြီး၊ နွေးထွေးမှုကို ဘုရားရှင်ထံက မထိုက်တန်ဘဲ ကျွန်မ ရရှိခဲ့ပါတယ်။ ကိုယ်နဲ့ စပ်ဆိုင်တဲ့ သူကို ချစ်ရမယ်ဆိုတဲ့ ပညတ်ချက်နဲ့ ကျွန်မရဲ့ မိုက်မဲတဲ့ ဘုရား ကျောင်းမတက်ဖို့ အတွေးဟာ ဘယ်လိုမှ မသက်ဆိုင် ခဲ့ပါဘူး။

စင်ကာပူမှာ ဘုရားကျောင်း မတက်တော့ရော၊ မြန်မာပြည် ပြန်ရောက်ရင် မတက်ဘဲ နေချင်လို့လား၊ ဖဲဝေလိနဲ့ ဘုရားရှင် ကောင်းမြတ်ကြောင်း သက်သေ မခံဘဲ နေနိုင်မှာတဲ့လား၊ တွေးရင်းနဲ့ အလို ... ငါ ဘုရားနဲ့ ဝေးဖို့ ကြံစည်နေတာပါလား၊ ဆိုပြီး အပါးကို သတိရမိပါတယ်။ အပါးဟာ ကျွန်မတို့ ဆယ်ကျော်သက် အရွယ်ကစပြီး သူ ဆုံးပါးသွားတဲ့ ( ၄၅ နှစ် ) အထိ ဘုရားကျောင်း လုံးဝ မတက်ခဲ့ပါဘူး။

ငါ ဘုရားမျက်နှာကိုတောင်မှ မရှုမြော်ရရင် ဘယ်လိုလုပ်မလဲ၊ အရှက်မရှိတဲ့ မျက်နှာနဲ့ ငါပါလား ဆိုပြီးတော့လဲ အရှုံးမခံချင်ဘူး။ တဖက်က ဘုရားရှင် မုန်းတဲ့ မောက်မာတဲ့ မျက်နှာနဲ့လဲ ဘုရားကျောင်း မသွားချင်ဘူး။

ယုံကြည်သူတို့ရဲ့ စာချိုးတို့ စင်ခံမိ်းသော အရာတို့သည် တညီတညွတ်တည်းဖြစ်ကြသည် ( ရောမ ၈း၂၈ )

ခရစ်တော်ရဲ့ တပည့်တော်တွေကို ရန်ရှာတဲ့ ရှောလုဟာ ၃ ရက်လေးဘဲ လူတွေကို မမြင်ရဘဲ မျက်စိကန်းသွားတာတောင် မျက်စိအလင်း ပြန်ရတဲ့အပြင် ဝိညာဉ်ပါ အလင်း ရပြီး အသက်ထက်ဆုံး ဘုရားရှင် အတွက် အခစခံ ခွင့်ရခဲ့တာကိုလည်း သတိရမိတယ်။

ကျွန်မ ပြောင်းလဲဖို့၊ ဘုရားကျောင်းပြန်လာဖို့ ၆လ အထိ အချိန်မဆွဲနိုင်ဘူး။ ယုံကြည်သူ သူငယ်ချင်း၊ ယုံကြည်သူ လုပ်ဖော်ဆောင်ဖက်တွေနဲ့ သင်းအုပ်ဆရာကတော် က ကျွန်မကို သတိပေးခဲ့သလို **special request** မဟုတ် ၊ ရှောင်မရတဲ့ **sunday off** မှာ ကောင်းကင် တံခါးပွင့်ပြီး မိုးရွာချပေးတဲ့ ဘုရားဟာ အကြောင်းပြချက် မယ်မယ်ရရ မရှိတဲ့ ကျွန်မကို ဘုရားကျောင်း အရောက်ပို့ပေးခဲ့ပါတယ်။ ပန်းတုံးတိုင် အဆုံးထိ ပြေးခဲ့တဲ့ တမာန်တော်ကြီး ရှင်ပေါလု အကြောင်း သင်ခန်းစာယူရင်း အနည်းငယ် ဝေမျှလိုပါတယ်။ ခွန်အားယူနိုင်ကြပါစေ။

(၁) သူ့ကိုယ်သူ သိသလို သူ့မာနကို ဝန်ခံခဲ့တယ်။ ခရစ်တော်၌သာ ဝါကြွားခဲ့တယ်၊ ဇာတိအရာ၌ ခွန်အားကြီးတဲ့ ဖာရိရှဲ ဖြစ်တယ်။ ( ဖိ ၃း၃-၆ )

(၂) မဆိုင်းမလင့် ရဲရင့်စွာ အမှုဆောင်ခဲ့တယ်။

- ယေရှုသည် ဘုရားသားဖြစ်ကြောင်း ( တ ၉း၁၉-၂၀၊ ၂၈ )
- ယုံကြည်ချက် အပြည့်နှင့် ( ဖိ ၄း၁၃၊ ရောမ ၈း၁၆ )

(၃) အရာရာကို အဆုံးခံ၍ စွန့်လွှတ်ခဲ့တယ်။

- ခရစ်တော်ကို သိသည့် အမြတ် ကိုထောက်၍ ( ဖိ ၃း၇-၁၀ )
- သည်းခံ ခဲ့ ( ဖိ ၄း၁၁-၁၂ )
- ပေါ်ထွန်းလတ္တံ့သော ဘုန်းတော်ကို ထောက် ( ရောမ ၈း၁၈ )

(၄) ပန်းတိုင်ရှိ ၊ ဆု ရှိတယ်လို့ မျှော်လင့်ချက် အားကြီးခဲ့တယ်။

- ဘုရားသား ၊ အမွေခံ ၊ ဘုန်းတော်ဝင်ဖား ( ရောမ ၈း၁၇ )
- နောက်ကို မလှည့် ( ဖိ ၃း၁၂-၁၄ )
- ဝမ်းမြောက်ခြင်း ဦးရစ် သရဖူ ( ဖိ ၄း၁ )

(၅) ဝိညာဉ်တော် အရှိန်တန်ခိုးကို အဆုံးမခံဘဲ ကြိုးစားခဲ့တယ်။

- အနာခံ ၊ အဆင်းရဲခံ ရပေမဲ့ ကျေးဇူးတော် ချီးမွမ်း၍ ဘုရားဘုန်းတော် အဆပေါင်းများစွာ တိုးပွားစေ။ ( တ ၁၆း၂၀-၃၃၊ ဖိ ၁း၁၂-၁၄ )

(၆) အချင်းချင်း တိုက်တွန်းနိုးဆော် ၊ ဆုံးမသွန်သင် ခွန်အားပေး ဆုတောင်းပေးခဲ့တယ်။ ( ဖိ ၁း၃၊ တ ၁၅း၃၆၊ ၂၀း၂၇-၂၈၊ ရောမ ၁၂း၁၊ ဂလာ ၆း၁-၅ )

(၇) အဆုံးတိုင်အောင် တည်ကြည် သစ္စာရှိခဲ့တယ်။ ( ဖိ ၁း၂၁ )

**[ အနော ]**

